# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 18, 2020 Volume 29, Number 11


| ၁၈.၃.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၉ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၆၉၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၃၂/- ကျပ် |
| CBM Rate | = ၁၄၃၁.၇ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၇.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၂.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၂.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၅၀.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၃.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၂၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၅၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဂျပန်ကုမ္ပဏီက မြန်မာနိုင်ငံမှ စိန်တလုံးသရက်သီးတန်ချိန် ၁၂၀၀ ဝယ်ယူရန် သရက်စိုက်တောင်သူများနှင့် စာချုပ်ချုပ်လျက်ရှိ





ယခုနှစ် သရက်သီးရာသီချိန်တွင် မြန်မာနိုင်ငံမှထွက်ရှိသော စိန်တလုံး သရက်သီးတန်ချိန် ၁၂၀၀ အားဝယ်ယူရန် သရက်ထွက်ရှိသည့်ဒေသများမှ သရက်စိုက်တောင်သူများနှင့် ဂျပန်နိုင်ငံ YUKIOK Myanmar Co.Ltd မှ စာချုပ်ချုပ်လျက်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်ထံမှသိရသည်။ အဆိုပါ YUKIOK Myanmar Co.Ltd သည် မြန်မာနိုင်ငံရှိ သရက်သီးထွက်ရှိသည့်ဒေသများသို့ ကွင်းဆင်းကာ သရက်စိုက်တောင်သူများနှင့်တွေ့ဆုံ၍ ယခုနှစ်သရက်သီး ရာသီချိန်တွင် ထွက်ရှိလာမည့် သရက်သီးများကို ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုလျက်ရှိကြောင်းသိရသည်။

မေလလောက်မှာထွက်ရှိလာမည့် သရက်သီးတွေကို စာချုပ်ချုပ်ဆိုဝယ်ယူတာပါ၊ စိန်တလုံးသရက်သီး တန်ချိန် (၁၂၀၀)ဝယ်ယူမှာပါ၊ သရက်စိုက်တောင်သူတွေအနေဖြင့် ဝမ်းသာစရာသတင်းဖြစ်သလို အခွင့်အလမ်းတစ်ခု ပေါ်လာတာလည်းဖြစ်ပါတယ်၊ အဲဒီ ကုမ္ပဏီက တန်ချိန် တော်တော်များများဝယ်ယူမှာပါဖြစ်ပြီး ရန်ကုန်မှာ စက်ရုံဆောက်ကာ ဝယ်ယူတဲ့သရက်သီးတွေကို အနှစ်ထုတ်ပြီး နိုင်ငံခြားတင်ပို့သွားမည်ဖြစ်ကြောင်း၊ ယခုလမှာစတင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် မြောင်းသစ် ကျေးရွာမှ သရက်ခြံတောင်သူနဲ့ စတင်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ကျောက်ဆည်မြို့နဲ့ စစ်ကိုင်းတိုင်း ဒေသကြီး ညောင်ပင်ဝန်းဒေသမှာလည်း သွားရောက်ချုပ်ဆိုနေပါတယ်၊ အခြားမြို့များမှ သရက်စိုက်တောင်သူတွေနှင့်လည်း သွားရောက်စာချုပ်ချုပ်ဆိုဖို့ရှိပါတယ်၊ နိုင်ငံတကာမှာ မြန်မာ့သရက်သီးကို မြည်းစမ်းကြည့်ခွင့်ရတော့မှာပါဟု မြန်မာ့ သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါကုမ္ပဏီမှ သရက်စိုက်တောင်သူများနှင့်သရက်သီးဝယ်ယူရန် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုရာတွင် သတ်မှတ်ထားသော ဈေးနှုန်းနှင့်အလေးချိန်တို့မှာ 200gm မှ 250gm အတွင်း ငွေကျပ် လေးသိန်းခွဲ၊ 251gm မှ 300gm ငွေကျပ် လေးသိန်းရှစ်သောင်း၊301gm မှ 380gmအတွင်း ငွေကျပ်ခြောက်သိန်းသုံးသောင်း၊ 381gm မှ 450gmအတွင်း ရှစ်သိန်းတစ်သောင်းနှင့် 451gm နှင့်အထက် ငွေကျပ်ကိုးသိန်းဖြင့် သရက်သီးအရွယ်အစားပေါ်မူတည်၍ ဝယ်ယူ သွားမည်ဖြစ်ကြောင်း သိရသည်။ ဒီနှစ်မှာ ထူးခြားတာက သရက်ခြံတောင်သူတွေက အိတ်စွပ်စရာမလိုတဲ့အတွက် အလုပ်သမားခနဲ့အိတ်ဖိုး သက်သာသွားမယ်၊ တရုတ်ဈေးကွက်သွားမယ့်အဖွဲ့ကလည်း သွားဖို့ပြင်ဆင်နေပါတယ်၊ ဒီနှစ်တော့ ဂျပန်နိုင်ငံမှ ကုမ္ပဏီ မှ ဝယ်ယူဖို့ စာချုပ်ချုပ်ဆိုလာတဲ့အတွက် သရက်စိုက်တောင်သူတွေ လမ်းကြောင်းတစ်ခု ထပ်တိုးလာတဲ့ အတွက် ဝမ်းသာစရာပါ ဟု ၎င်းက ဆက်လက်ပြောပြသည်။

တောင်သူတွေအနေဖြင့် အိပ်စွပ်ဈေးကတစ်မျိုး၊အိတ်မစွပ်ဈေးက တစ်မျိုးဖြစ်သွားမည်ဖြစ်သည်။ ယခင်က အိပ်စွပ်မှ တန်းဝင်သော်လည်း အခုအိတ်မစွပ်ဘဲနဲ့ တန်းဝင်သည့်အတွက်ကြောင့် တောင်သူတွေအတွက် သရက်သီး ဈေးကွက်အနေအထားပိုကောင်းလာပြီး အခွင့်အလမ်းများ ပိုကောင်းလာမည်ဖြစ်ကြောင်း သိရသည်။ သရက်စိုက်တောင်သူများအနေဖြင့် အခွင့်အလမ်းများကို ရေရှည်တွေပြီး မှန်ကန်တဲ့နည်းလမ်းတွေနဲ့ ယုံကြည်မှု ရှိအောင် လုပ်ဆောင်ဖို့လိုပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်ရင် ရှေ့ဆက် ပြီးတော့ မြန်မာ့သရက်သီးတန်ဖိုးမြင့်လာတော့မှာပါ၊ အဆိုပါကုမ္ပဏီမှ သရက်သီးများ ဝယ်ယူလာတဲ့အပေါ်မှာ သရက်စိုက်တောင်သူများအနေဖြင့် အရည်အသွေးပြည့်မီသော သရက်သီးများသာ ရောင်းချစေလိုကြောင်း၊ အကယ်၍ အရည်အသွေးမကောင်းတဲ့ သရက်သီးများနှင့် တခြားသရက်သီးများ ညှပ်လိုက်ပါက နောက်နှစ်များတွင် လာရောက်ဝယ်ယူမှု ခက်ခဲသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်ထဲနဲ့လန်သွားရင် နောက်နှစ်တွေမှာ ဈေးနှိမ်တာတွေ၊ ဈေးလျှော့ဝယ်တာတွေဖြစ်လာနိုင်ကြောင်း၊ စိန်တလုံးသရက်ဆိုရင် စိန်တလုံးသရက်ပဲ မှန်မှန်ကန်ကန် ရောင်းချစေလိုကြောင်း ၎င်းကပြောကြားသည်။

သရက်သီးရောင်းချသည့်တောင်သူများသည် ရာသီဥတုဆိုးရွားမှုကြောင့် သီးနှံပျက်မှုမှ လွဲ၍ ( ဥပမာ မိုးသီးကြွေ ကျခြင်း၊မှန်တိုင်းတိုက်ခတ်ခြင်း၊လေပြင်းတိုက်ခတ်ခြင်း) မိမိတို့သဘောတူထားသည့် စာချုပ်အတိုင်း သတ်မှတ်ထားသော သရက်သီးတန်ချိန်ကို သတ်မှတ်ရက်အတွင်း ပြည့်မီအောင် ရောင်းချရမည်ဖြစ် ကြောင်း၊ မရောင်းချနိုင်ပါက နောင်အခါတွင် ဝယ်ယူခွင့်လျှော့ချခြင်း(သို့) ဝယ်ယူခွင့်ရုပ်သိမ်းခြင်းတို့ကို သရက်သီးဝယ်ယူသူက ဆုံးဖြတ်နိုင်ကြောင်းသိရသည်။ မြန်မာ့သရက်ဈေးကွက်တွင် စိန်တလုံး၊ရွှေဟင်္သာ၊ရင်ကွဲ၊ပတ္တမြားငမောက်စသည့်သရက်သီးအမျိုးအစားကိုသာ ပြည်ပနိုင်ငံများမှ အများဆုံး ဝယ်ယူမှု ရှိကြောင်းသိရပြီး ယခုနှစ်သရက်ရာသီချိန်တွင် စိန်တလုံးသရက်အားဝယ်ယူရန် ဂျပန်ကုမ္ပဏီတစ်ခုမှ စာချုပ်ချုပ်ဆိုလျက် ရှိကြောင်းသိရသည်။

Source: www.moi.gov.mm

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် အခွန်အကောက်ရရှိမှုအနေဖြင့် တင်သွင်းမှုအစီးရေ ၁၀၀၉၇ စီးမှ ကျပ် ၉၁ ဘီလျံကျော်ကောက်ခံရရှိ



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် အခွန်အကောက်ရရှိမှုအနေဖြင့် တင်သွင်းမှုအစီးရေ ၁၀၀၉၇ စီးမှ ကျပ် ၉၁ ဘီလျံကျော် ကောက်ခံရရှိခဲ့ကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ သိရသည်။ ဘဏ္ဍာနှစ်အလိုက် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကြိုတင်ဝင်ငွေခွန် ကောက်ခံရရှိမှုအနေဖြင့် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာတွင် တင်သွင်းမှုအစီးရေ ၁၂၃၄၄၃ စီးအတွက် အကောက်ခွန်ကျပ် ၁၈၀ ဒသမ ၀၁၄

ဘီလျံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၂၉ ဒသမ ၈၈၆ ဘီလျံ၊ ကြိုတင်ဝင်ငွေခွန် ကျပ် ၃၁ ဒသမ ၂၉၄ ဘီလျံဖြင့် စုစုပေါင်း ကျပ် ၃၄၁ ဒသမ ၁၉၄ ဘီလျံရရှိခဲ့ကြောင်း သိရသည်။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပမှ မော်တော်ယာဉ်အစီးရေ ၁၀၇၄၆၉ စီး တင်သွင်းမှုအတွက် အကောက်ခွန် ကျပ် ၁၆၉ ဒသမ ၈၉၀ ဘီလျံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၀၆ ဒသမ ၁၄၂ ဘီလျံ၊ အထူးကုန်စည်ခွန် ၁၄၆ ဒသမ ၀၃၃ ဘီလျံ၊ ကြိုတင်ဝင်ငွေခွန် ကျပ် ၂၈ ဒသမ ၀၅၈ ဘီလျံဖြင့် စုစုပေါင်း ၄၅၀ ဒသမ ၁၂၃ ဘီလျံ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပမှ မော်တော်ယာဉ်အစီးရေ ၇၀၅၁၉ တင်သွင်းမှုအတွက် အကောက်ခွန်ကျပ် ၁၁၆ ဒသမ ၀၀၆ ဘီလျံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၆၄ ဒသမ ၂၁၄ ဘီလျံ၊ အထူးကုန်စည်ခွန် ကျပ် ၁၀၇ ဒသမ ၆၉၂ ဘီလျံ၊ ကြိုတင်ဝင်ငွေခွန်ကျပ် ၂၂ ဒသမ ၁၃၁ ဘီလျံဖြင့် စုစုပေါင်း ကျပ် ၃၁၀ ဒသမ ၀၄၃ ဘီလျံကောက်ခံ ရရှိခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ် ကြားကာလခြောက်လအတွင်း ပြည်ပမှ မော်တော်ယာဉ်အစီးရေ ၃၅၆၁၄ စီး တင်သွင်းမှုအတွက် အကောက်ခွန်ကျပ် ၃၄ ဒသမ ၆၃၂ ဘီလျံ၊ ကုန်သွယ်လုပ်ငန်းခွန် ၁၃ ဒသမ ၂၀၃ ဘီလျံ၊ အထူးကုန်စည်ခွန်ကျပ် ၃၁ ဒသမ ၅၄၆ ဘီလျံ၊ ကြိုတင်ဝင်ငွေခွန်ကျပ် ၆ ဒသမ ၅၂၅ ဘီလျံဖြင့် စုစုပေါင်း ၈၅ ဒသမ ၉၀၆ ဘီလျံကောက်ခံ ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပမှ မော်တော်ယာဉ်အစီးရေ ၁၀၀၉၇ စီးတင်သွင်းထားပြီး အကောက်ခွန်ကျပ် ၃၉ ဒသမ ၀၉၆ ဘီလျံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၉ ဒသမ ၃၅၂ ဘီလျံ၊ အထူးကုန်စည်ခွန် ကျပ် ၂၈ ဒသမ ၈၅၈ ဘီလျံ၊ ကြိုတင်ဝင်ငွေခွန် ကျပ် ၃ ဒသမ ၇၇၁ ဘီလျံဖြင့် စုစုပေါင်း ကျပ် ၉၁ ဒသမ ၀၇၇ ဘီလျံကောက်ခံရရှိခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ နှစ်အလိုက် အခွန်ကောက်ခံရရှိမှုပမာဏများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၁၆၈၃ ဘီလျံ၊ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၃၃၇၃ ဘီလျံ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၄၄၅၉ ဘီလျံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်တွင် ကျပ် ၆၅၁၈ ဘီလျံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၆၃၁၅ ဘီလျံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၇၁၂၂ ဘီလျံ၊ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ကျပ် ၇၄၂၃ ဘီ လျံ၊ ၂၀၁၈ ဧပြီ-စက်တင်ဘာ ခြောက်လတာကြားကာလတွင် ကျပ် ၂၇၉၂ ဘီလျံ၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၇၇၉၁ ဘီလျံကောက်ခံနိုင်ခဲ့သည်။ ငါးနှစ်အတွင်း ရှေးထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရရှိမှု ကျပ် ၁၅ ဒသမ ၄၇၁ ဘီလျံရှိပြီး ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၇၂၂ ဘီလျံဖြင့် အများဆုံးဖြစ်ကြောင်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ထုတ်ပြန်ချက်အရသိရသည်။

**Source:** https://news-eleven.com/article/164697

## ဗဟိုဘဏ်အတိုးနှုန်းလျှော့ပြီး တစ်ဒေါ်လာလျှင် ၁၀ ကျပ်ခန့်တက်

ဗဟိုဘဏ်အတိုးနှုန်း လျှော့ချပြီးနောက် ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာ ၁,၄၃၅ ကျပ်သို့ ပြန်လည်မြင့်တက်သည်။ လက်ရှိဈေးကွက်အတွင်း ဒေါ်လာတန်ဖိုး ဆက်တိုက်ပြန်တက်ခြင်းကြောင့် ဝယ်လိုအား အနည်းငယ် ပြန်လိုက်လာသည်ဟု ငွေလဲဝန်ဆောင်မှုလုပ်ကိုင်သူတစ်ဦးကပြောသည်။ ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းကြောင့် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်း မတ်လ ၁၇ ရက် တွင် တစ်ဒေါ်လာ ၁,၄၂၅ ကျပ် မြင့်တင်သတ်မှတ်ခဲ့သည်။

ဒေါ်လာတန်ဖိုး ကျပ် ၁,၂၈၀ အထိ ကျဆင်းချိန်တွင် ဗဟိုဘဏ်က တစ်ရက်အတွင်း ဒေါ်လာကိုးသန်း စံချိန်တင်ဝယ်ယူပြီးနောက် ဈေးကွက်တွင် ဒေါ်လာတန်ဖိုး ဆက်တိုက်မြင့်တက်သည်။ မတ်လ ၁၂ ရက်ကလည်း ဗဟိုဘဏ်က အပ်ငွေနှင့် ချေးငွေအပေါ် ဘဏ်အတိုးနှုန်း ၀ ဒသမ ၅ ရာခိုင်နှုန်းလျှော့ချကြောင်း ထုတ်ပြန်ကြေညာသည်။ နိုင်ငံတကာကဲ့သို့ ဘဏ်အတိုးနှုန်းလျှော့ချအပြီး ဒေါ်လာတန်ဖိုး ထပ်မံမြင့်တက်ခြင်းဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=181761

## COVID-19 ကြောင့် မြဝတီ၊ မဲဆောက်နယ်စပ်ကုန်သွယ်မှုလျော့ကျ

တစ်ရက်လျှင် ကန်ဒေါ်လာ နှစ်သန်းကျော် ကုန်သွယ်နေသော မြဝတီနယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းတွင် ကုန်သွယ်မှု လျော့နည်းသွားကြောင်း မြဝတီ နယ်စပ်ကုန်သည်အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်ကပြောသည်။ မြန်မာနိုင်ငံမှ အဓိက ပို့ကုန်ဖြစ်သော ပြောင်းဖူးစေ့တင်ပို့မှုသည် ယခုရက်ပိုင်းတွင် ထက်ဝက်ခန့် လျော့နည်းသည်ဟုရင်းကဆိုသည်။

"အရောင်းအဝယ်တော့ရှိနေတယ်။ ကုန်သွယ်မှုကတော့ အတော်နည်းပါတယ်"ဟု ဒေါ်သင်းသင်းမြတ်ကပြောသည်။ ရန်ကုန်ဈေးကွက်အတွက် လူသုံးကုန်တင်သွင်းမှုများသော မြဝတီ၊ မဲဆောက်နယ်စပ်ကုန်သွယ်ရေးမှ ယခုဘဏ္ဍာနှစ် ငါးလကျော်အတွင်း ကန်ဒေါ်လာသန်း ၅၀၀ ကျော်ဖိုးကုန်သွယ်ထားသည်။

မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့ အပါအဝင် လယ်ယာထွက်ကုန်များနှင့် အခြားပို့ကုန်တန်ဖိုး ဒေါ်လာ သန်း ၁၅၀ ကျော်တင်ပို့ထားပြီး ထိုင်းနိုင်ငံမှ ဒေါ်လာ သန်း ၃၆၀ ကျော်တန်ဖိုးရှိ ကုန်ပစ္စည်းများတင်သွင်းခဲ့သည်။ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံအတွက် အဓိကသွင်းကုန်များသည် လူသုံးကုန်များ၊ စက်သုံးဆီများ အဓိကပါဝင်သည်။ မြန်မာ၊ ထိုင်း နယ်စပ်တစ်လျှောက်တွင် ကုန်သွယ်ရေးစခန်းရှစ်ခုရှိသည်။ ထိုင်းနိုင်ငံသို့ ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချမှု အပါအဝင် ယခုဘဏ္ဍာနှစ် ငါးလကျော်အတွင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်ရှိသည်။ မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးက အများဆုံးဖြစ်သည်။ ဒုတိယအများဆုံးက မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးဖြစ်သည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးက ဘဏ္ဍာနှစ် ငါးလကျော် အတွင်း ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံကျော်ကုန်သွယ်ထားသည်။

ကုန်သွယ်မှု ဒုတိယအများဆုံးဖြစ်သော မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးသည် ထိုင်းနိုင်ငံတွင် COVID-19 ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် မြန်မာနိုင်ငံဘက်ခြမ်းသို့ ဝင်လာသူများကို မြဝတီနယ်စပ်၌ ဆေးဖျန်းခြင်း၊ အပူချိန်တိုင်း ခြင်း၊ လက်ဆေးရည်များ ဖြန့်ဝေထားခြင်းတို့ ဆောင်ရွက်နေသည်ဟု ဒေါ်သင်းသင်းမြတ်ကပြောသည်။

**Source:** https://7day.news/detail?id=181760

## COVID-19 ကြောင့် မြန်မာအပါအဝင် အရှေ့တောင်အာရှစီးပွားရေးနှေးကွေးမည်




ကမ္ဘာနှင့်အဝန်း ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့နေမှုသည် ခရီးသွားလုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်စေပြီး ငွေကြေးသုံးစွဲမှုကိုလည်း ကျဆင်းစေသည့်အတွက် အရှေ့တောင်အာရှဒေသတစ်ခွင်ရှိ စီးပွားရေးတိုးတက်မှု နှုန်းနှေးကွေးစေမည်ဟု ယူကေအခြေစိုက် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သော The Institute of Chartered Accountants in England and Wales (ICAEW)က မတ် ၁၇ ရက်တွင် ထုတ်ပြန်သည့် စီးပွားရေးဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထား သည်။ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှဒေသနိုင်ငံ များ၏ စီးပွားရေးတိုးတက်မှုနှေးကွေးနိုင်သော်လည်း လိုက် လျောညီထွေဖြစ်သော စီးပွားရေးမူဝါဒများနှင့်ဘဏ္ဍာရေးလှုပ်နိုးမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၂၁ ခုနှစ်တွင် ပြန်လည် မြင့်တက်လာမည်ဟု ICAEW ကပြောသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည်လည်း တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုကျဆင်းခြင်းကြောင့် ထိခိုက်လျက်ရှိပြီး အရှေ့တောင်အာရှနိုင်ငံအသီးသီးသည်လည်း ဗိုင်းရပ်စ်ကြောင့် အနုတ်လက္ခဏာပြသော စီးပွားရေးဆိုင်ရာ သက်ရောက်မှုများကို ရင်ဆိုင်နေရသည်။ ခရီးသွားလုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှုရိုက်ခတ်မှုသည် ရေတိုသာ ဖြစ်မည်ဟုမျှော်မှန်းထားပြီး အမေရိကန်-တရုတ်ကုန်သွယ်မှု သဘောတူညီချက်၊ ငွေကြေးဆိုင်ရာမူဝါဒများဖြေလျှော့မှုနှင့် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲခြင်းများ ကြောင့် စီးပွားရေးအပေါ်သက်ရောက်မှု ဒဏ်များကိုသက်သာစေမည်ဟု အစီရင်ခံစာကပြောသည်။ "ကိုရိုနာပျံ့နှံ့မှုကနေ ရိုက်ခတ်မှုကြောင့် ထိခိုက်မှုအများစု ၂၀၂၀ ပထမနှစ်ဝက်မှာပဲရှိပြီး ၂၀၂၀ ဒုတိယနှစ်ဝက်မှာ ပြန်လည်နလန်ထူလာမယ် လို့မျှော်လင့်ထား

ပါတယ်''ဟု ICAEW၏ Economic Advisor ဖြစ်သူ Sian Fenner ကပြောသည်။ ရောဂါပိုးပျံ့နှံ့မှုကြောင့် စီးပွားရေးနှေးကွေးမှုကို ခုသာခံသာရှိစေမည် လိုက်လျောညီထွေရှိသော နိုင်ငံလုံးဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကြောင့် စီးပွားရေးအပေါ်သက်ရောက်လာမှုများကို ခုသာခံသာဖြစ်စေမည်ဟုပြောသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးအပေါ် သက်ရောက်လာမှုများကို တုံ့ပြန်နိုင်ရန်အတွက် ဘဏ်အတိုးနှုန်းများလျှော့ချခဲ့ပြီး အခွန်အခများလျှော့ချရန်လည်းစီစဉ်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/136942.html

## ပိတ်မိနေသည့်သကြားတန်ချိန် ၅၀၀၀၀ ခန့် တရုတ်သို့ တရားမဝင်လမ်းကြောင်းမှ တင်ပို့နိုင်ခဲ့ဟုဆို




ဒီဇင်ဘာလ အတွင်းက မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်း ပိတ်မိနေသည့် သကြားတန်ချိန် ၅၀၀၀၀ ခန့်ကို တရုတ်သို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် တင်ပို့နိုင်ခဲ့ကြောင်း ပြည်တွင်းသကြားလုပ်ငန်းရှင်များထံမှသိရသည်။ "သကြားကတော့ တရုတ်အစိုးရက တရားဝင်ခွင့်မပြုဘူး။ ဒါပေမဲ့ သကြားကတရားမဝင် မှောင်ခိုလမ်းကြောင်းကနေ အိတ်ရေ ၂၀၀၀၀ နဲ့ ၃၀၀၀၀ ကြား ပုံမှန်သွားတယ်။ သကြားတွေလည်း ဈေးတက်သွားတယ်"ဟု မူဆယ် ဆန်ကုန်စည်ဒိုင်အသင်း ဒုဥက္ကဋ္ဌ ဦးမင်းသိန်းက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။

COVID-19 ရောဂါကြောင့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးမှာ တစ်လနီးပါးရပ်တန့်ခဲ့ပြီး ဖေဖော်ဝါရီ ဒုတိယပတ်မှစတင်ကာ တရုတ်၏လိုအပ်ချက်မြင့်မားလာမှုအရ ဖရဲ၊ သခွားမွေးနှင့် ရေထွက်ပစ္စည်းများအပြင် သကြားကိုပါ ပြန်လည်တင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ "ဖေဖော်ဝါရီလဆန်းနောက်ပိုင်းမှာ တစ်အိတ်ကို ၁၁၅ ယွမ်ရှိတဲ့ သကြားက အခု ၁၄၀ လောက်ဖြစ်သွားတယ်။ သကြားဈေးတွေ ၂၅ ယွမ်လောက်တက်သွားတယ်။ အလားအလာကောင်းတဲ့အတွက် ဒီဇင်ဘာမှာပိတ်မိနေတဲ့ အိတ်ရေ ၁၀ သိန်း (တန်ချိန်ဆိုရင် ၅၀၀၀၀ လောက်) ပိတ်နေတယ်။ သကြားတွေက အခုကုန်သလောက်ဖြစ်သွားပြီ"ဟု ၎င်းက ဆက်လက်ပြောသည်။

တရုတ်အနေဖြင့် မြန်မာ့ထွက်ကုန်များကို လိုအပ်ချက်မြင့်မားသလောက် ပိုမိုဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းငွေးက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။ "၁၀၅ မိုင်မှာ ကျန်တဲ့ဟာတွေလောက်ပဲပို့တာပါ။ သီးသီးသန့်သန့် အသစ်သွားတင်ပို့ ကြတာတော့မရှိဘူး။ ဈေးကွက်ကလည်း အဲ့ဒီလောက်မကောင်းဘူး။ ကျန်နေတဲ့အိတ်တွေကတော့ နည်းနည်းသွားနေတာ။ အချို့ကလည်း လားရှိုးဘက်မှာလှောင်ထားတာရှိတယ်။ ကျန်တဲ့သူလည်း ကျန်နေသေးတယ်။ ဘယ်လောက်ကျန်မှန်းတော့မသိဘူး။ အစိုးရကလည်း လက်ကျန်မရှိတော့ဘူးဆိုပြီးတော့ပြောနေတာပဲ။ နယ်စပ်ကလူတွေကလည်း သူတို့ဂိုဒေါင်တွေမှာရှိနေတယ်ပြောတာပဲ။ တရားဝင်တော့သွားလို့မရဘူး။ ဒီအချိန်မှာ တရုတ်က လိုအပ်နေတော့ သူတို့က မျက်စိမှိတ်ပေးတဲ့သဘောပါ"ဟု ၎င်းကပြောသည်။ လက်ရှိတွင် ပြည်တွင်း၌ ယမန်နှစ်သကြားလက်ကျန် ၂၅ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၃၀ ကြားအထိရှိကြောင်း ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/136923.html

## မြန်မာ့မတ်ပဲဈေးနှုန်းအနည်းငယ်ပြန်တက်လာ

မြန်မာ့မတ်ပဲဈေးနှုန်းမှာ အရင်တစ်ပတ်ထက် အနည်းငယ်ဈေးနှုန်းပြန်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှသိရပါတယ်။ အရင်တစ်ပတ်က မတ်ပဲဈေးနှုန်းမှာ ကျပ် (၈)သိန်းအောက်ကို ကျဆင်းနေခဲ့ပြီး အခုတစ်ပတ်အတွင်းမှာ မတ်ပဲဈေးနှုန်းတစ်တန်ကို တစ်သောင်းခွဲဝန်းကျင်ပြန်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှသိရပါတယ်။ မတ်ပဲကအရင်တစ်ပတ်က တစ်တန်ကို (၈)သိန်းအောက်လောက်ကျဆင်းသွားပြီး အခု

တစ်ပတ်မှာတော့ (၉)သိန်းကျော်ကျော်လောက် ပြန်ပြီးတက်လာတယ်။ တင်ပို့ခွင့်ကလည်း တစ်လထပ်မံရရှိထားတာဆိုတော့ ပုံမှန်သွားနေပါတယ်။

မြန်မာ့မတ်ပဲကို အိန္ဒိယနိုင်ငံကို အဓိကထားတင်ပို့နေပြီး အခုလက်ရှိမှာ ပုံမှန်တင်ပို့နေတာဖြစ်ကြောင်း အဆိုပါအသင်းမှ သိရပါတယ်။ မြန်မာ့မတ်ပဲဈေးနှုန်းမှာတစ်တန်ကို အရင်တစ်ပတ်က (၉)သိန်းကျပ်အောက်ရှိနေပြီး ဒီကနေ့ဈေးနှုန်းများအရ မတ်ပဲတစ်တန်ကို ၉၅ဝ,ဝဝဝ ကျပ်နဲ့ ၉၁ဝ,ဝဝဝ ကျပ်ဝန်းကျင် ပြန်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/black_gram_prices_are_black_slight

## ကုန်သွယ်မှုပမာဏ ယခင်နှစ်ကာလတူထက် ကန်ဒေါ်လာနှစ်ဘီလီယံကျော် ပိုမိုရရှိထား



COVID-19 ဖြစ်ပေါ်နေသော်လည်း ကုန်သွယ်မှုပမာဏမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ယခုဘဏ္ဍာနှစ်စမှ မတ် ၆ ရက်အထိ စာရင်းအရ ပို့ကုန် ကန်ဒေါ်လာ ရှစ်ဘီလီယံခန့်နှင့် သွင်းကုန်ကိုးဘီလီယံရှိကြောင်း၊ ထို့ကြောင့် ယခင်နှစ်ကာလတူထက် ပို့ကုန် ၁ ဒသမ ၂ ဘီလီယံပိုပြီး သွင်းကုန် ၁ ဒသမ ၅ ဘီလီယံပိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောသည်။ "ဒါကြောင့် မတ် ၆ ရက်အထိ စာရင်းအရ ကုန်သွယ်မှုက အရင်နှစ်ကာလတူထက်ကို ၂ ဒသမ ၇ ဘီလီယံ ပိုနေသေးတယ်"ဟု ၎င်းက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

လက်ရှိတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှကုန်ကားများ ပြန်လည်ဝင်ရောက်နေကြပြီး ကုန်စီးဆင်းမှု ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ လက်ရှိကုန်သွယ်မှုတန်ဖိုး တစ်နေ့လျှင် အမေရိကန်ဒေါ်လာရှစ်သန်းမှ ၁ဝ သန်းခန့်အထိ ပို့ကုန်သွင်းကုန်များ စီးဆင်းနေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ "ဟိုရက်တွေတုန်းက အမေရိကန်ဒေါ်လာ တစ်သန်းတောင်မပြည့်တော့ဘူး။ ကားတွေဆိုရင်လည်း အရင်က ၁ဝဝ အောက်လောက်ပဲ ကုန်ကူးနိုင်ကြပေမယ့် အခုရက်ပိုင်းတွေမှာ အသွားအပြန်ဆိုရင် ၁ဝဝဝ လောက်ဖြစ်သွားပြီ။ မတ် ၁၃ ရက်ကဆိုရင် အတက်ကားတင် ၆ဝဝ ရှိတယ်၊ အဆင်းကားက ၅ဝဝ ရှိတယ်။ ၁၄ ရက်ကလည်း အတူတူပဲ"ဟု ဦးမင်းမင်းကပြောသည်။

သို့ရာတွင် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုက နည်းပါးနေသေးပြီး အထူးသဖြင့် ကဏန်းနှင့်ပုစွန်ကို အရှင်တင်ပို့ရကာ လေကြောင်းလိုင်းများဖြင့် အဓိကတင်ပို့ခြင်းဖြစ်သည့်အတွက် လက်ရှိအခြေအနေတွင် အခက်အခဲများရှိနေသေးကြောင်း၊ ထို့အပြင် ကျွဲ၊ နွားအရှင် တင်ပို့ခြင်းမှာလည်း ယခင်နှစ်ထက်လေးဆခန့်လျော့ကျခဲ့ကြောင်း၊ ထိုင်းနိုင်ငံသို့တင်ပို့နေသော ပြောင်းဆန်မှာလည်း ငွေကြေးမတည်ငြိမ်မှုကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136925.html

## ကမ္ဘာ့ရေနံဈေး တစ်စည် ၂၈ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ သုံးလကျော်အတွင်း တစ်လီတာ ၃၃၅ ကျပ်မှ ၃၇၅ ကျပ်အထိ ဆက်လက်ကျဆင်း



ကမ္ဘာ့ရေနံဈေးသည် တစ်စည် ၂၈ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်နေပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ သုံးလကျော် (ဇန်နဝါရီ ၈ ရက်မှ မတ် ၁၇ ရက်အထိ) အတွင်း တစ်လီတာ ၃၃၅ ကျပ်မှ ၃၇၅ ကျပ်အထိ ဆက်လက်ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂ဝ၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင်ဘာ

၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ်လာ ဇန်နဝါရီ ၁၅ ရက်တွင် ၅၇ ဒေါ်လာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ၅၃ ဒေါ်လာ၊ မတ် ၇ ရက်တွင် ၄၁ ဒေါ်လာ၊ မတ် ၁၇ ရက်တွင် ၂၈ ဒေါ်လာဝန်းကျင် ဖြစ်ပေါ်ခဲ့သည်။

မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သောဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၆၁၀ ကျပ် (တစ်ဂါလန် ၂၇၇၃ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၆၂၀ ကျပ် (တစ်ဂါလန် ၂၈၁၈ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၅၄၀ ကျပ် (တစ်ဂါလန် ၂၄၅၄ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၆၆၀ ကျပ် (တစ်ဂါလန် ၃၀၀၀ ကျပ်) ဖြစ်ပြီး ဇန်နဝါရီ ၈ ရက်တွင် ဖြစ်ပေါ်ခဲ့သော တစ်လီတာဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဒီဇယ် ၃၇၅ ကျပ် (၃၈ ဒသမ ၀၇ ရာခိုင်နှုန်း)၊ ပရီမီယံဒီဇယ် ၃၇၅ ကျပ် (၃၇ ဒသမ ၆၈ ရာခိုင်နှုန်း)၊ အောက်တိန်း 92 Ron ၃၆၅ ကျပ် (၄၀ ဒသမ ၃၃ ရာခိုင်နှုန်း)၊ အောက်တိန်း 95 Ron ၃၃၅ ကျပ် (၃၃ ဒသမ ၆၆ ရာခိုင်နှုန်း) အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင် ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန်လ (၂၁ ရက်အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ် ပြန်လည်မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀ အထိပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း တစ်လီတာ ကျပ် ၁၀ မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အတွင်း တစ်လီတာ ကျပ် ၁၀ မှ ၃၅ ကျပ် အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိမြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်အထိ ပြန်ကျခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက်အတွင်း တစ်လီတာ ကျပ် ၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်မှ မတ် ၁၇ ရက်အတွင်း တစ်လီတာ ၃၃၅ ကျပ်မှ ၃၇၅ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့သည်။

**Source:** https://news-eleven.com/article/164799

## မြန်မာနိုင်ငံအထည်ချုပ်စက်ရုံများအတွက် ကုန်ကြမ်းပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းဖြင့် ရောက်ရှိလာ

COVID – 19 ရောဂါ တရုတ်နိုင်ငံတွင်ဖြစ်ပွားနေမှုကြောင့် မြန်မာနိုင်ငံရှိအထည်ချုပ်စက်ရုံတွေ ကုန်ကြမ်းပြတ်လပ်မှု မဖြစ်ပေါ်စေဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန၊ China Enterprise Chamber of Commerce in Myanmar (CECCM ) တို့ ပူးပေါင်းပြီး အထည်ချုပ်စက်ရုံများအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနဲ့ လေကြောင်းလိုင်းတွေကနေ တင်ပို့ နေရာ၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ CMP ကုန်ကြမ်း မော်တော်ယာဉ် အစီး ၅၀ ဝန်းကျင် နေ့စဉ်တင်သွင်းနေပြီး မတ်လ ၁၇ ရက်မှာလည်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ကွမ်ကျိုးမြို့ကနေ AQ – 1359 Cargo ကုန်တင်လေယာဉ်နဲ့သယ်ဆောင်လာတဲ့ ကုန်ကြမ်းပစ္စည်းတွေ ည ၁၀ နာရီခွဲမှာ ဆိုက်ရောက်လာတယ်လို့ ပြန်ကြားရေး ဝန်ကြီးဌာနကထုတ်ပြန်ပါတယ်။

**Source:** https://web.facebook.com/onenewsmyan/posts/2484204418560756

## ပို့ကုန်ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုမည်ဟု နိုင်ငံတော်အတိုင်ပင်ခံပြော

ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ကြောင့် စီးပွားရေးကဏ္ဍ၌ ကြုံတွေ့နေရသော အခက်အခဲများသက်သာစေရန် ပို့ကုန်များအပေါ် ကြိုတင်ကောက်ခံနေသော ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ယခုဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ မတ်လ ၁၆ ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID –19 ကြောင့် ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းတွင် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က “COVID –19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံး ကြုံတွေ့ရနိုင်သည့်လုပ်ငန်းများ (CMP လို့ အများကသိကြတဲ့ ကုန်ကြမ်းပေးကုန်ချောယူ လက်ခစားစနစ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများ) အတွက် အထူးသက်သာသော အတိုးနှုန်းဖြင့် ချေးငွေများနဲ့ အခွန်ကင်းလွတ်ခွင့်ရရှိရေး စီမံပေးသွားပါမယ်” ဟု ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ပို့ကုန်လုပ်ငန်းများထံမှ ကောက်ခံနေသော ကြိုတင်ဝင်ငွေခွန်ကင်းလွတ်ခွင့်ကိစ္စနှင့်ပတ်သက်ပြီး လုပ်ဆောင်လျက်ရှိသော်လည်း အသေးစိတ်အချက်အလက်များကို အမိန့်ကြေညာစာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေခိုင်က ဧရာဝတီသို့ပြောသည်။ ဒေါ်ဆွေဆွေခိုင်က “ကျမတို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ကိုယူပြီးတော့ အမိန့်ကြေညာစာထုတ်ပြန်သွားမှာပါ။ ကျမတို့က ဌာနကထုတ်ပြန်ရမှာမဟုတ်တော့ ဘယ်အချိန်လောက်မှ ထွက်နိုင်မယ် ဆိုတာကတော့ အတိအကျပြောလို့ မရသေးပါဘူး” ဟု ရှင်းပြသည်။ သို့ဖြစ်ရာ အမိန့်ကြေညာစာ ထုတ်ပြန်ချိန်ကို သိရှိရမှသာ ဝင်ငွေခွန်ကင်းလွတ်ခွင့်စတင်မည့်အချိန်ကိုသိရမည်ဖြစ်သည်။

မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးအေးထွန်းက “ ဒီလိုမျိုးလုပ်ပေးတာကတော့ ကောင်းပါတယ်။ ကျနော်တို့ကြိုဆိုပါတယ်။ ဒါပေမယ့် လုံလောက်မှုတော့ရှိမယ်လို့မထင်သေးဘူး။ ကျနော်တို့ လုပ်ရှင်တွေကို မစိုးရိမ်ပါဘူး ကျနော်တို့ စိုးရိမ်တာက အလုပ်ကိုပဲစိုးရိမ်တာ အလုပ်မရှိတော့ဘူးဆိုရင် အဲဒီအလုပ်မှာ မှီခိုနေတဲ့လူတွေ အကုန်လုံးထိခိုက်မှာလေ ” ဟု ပြောသည်။ ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်မှုအများဆုံးဖြစ်ခဲ့သော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် CMP အထည်ချုပ်လုပ်ငန်းများ၏ ဝင်ငွေစီးဆင်းမှုသည် လုံးဝရပ်ဆိုင်းသွားမည် ဖြစ်ခြင်း ကြောင့် ဘဏ်ချေးငွေများကို ပြန်ဆပ်ရန်အခက်အခဲများရှိမည်ဖြစ်ကြောင်း ၎င်းကထောက်ပြသည်။

မြန်မာနိုင်ငံအနေဖြင့် “ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများ အပေါ် ကုစားရေး လုပ်ငန်းကော်မတီ”ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး အပါအဝင် စီးပွားရေးနှင့် ချိတ်ဆက်နေသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထိပ်တန်း အရာရှိများဖြင့် မတ်လ ၁၃ ရက်တွင် စတင် ဖွဲ့စည်းထားပြီး ဖြစ်သည်။

**Source:** https://burma.irrawaddy.com/news/2020/03/17/218281.html

## ဂျုံ၊ ကုလားပဲ သီးနှံဈေးနှုန်းများ နှစ်စဉ် ကျဆင်းလာတာကြောင့် စိုက်ပျိုးခြင်းကို ရပ်နားမှုများရှိလာ

မြန်မာတောင်သူများ စိုက်ပျိုးထုတ်လုပ်နေသည့် ဂျုံ၊ ကုလားပဲသီးနှံဈေးနှုန်းများ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာတာကြောင့် စိုက်ပျိုးမှုများကို မပြုလုပ်တော့ပဲ စိုက်ပျိုးမြေများကို လုပ်ထားရသည့် အခြေအနေများရှိလာကြောင်း အဆိုပါ သီးနှံစိုက်တောင်သူများထံမှသိရသည်။ လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာ မိုးကောင်းသောက်ယာမြေဧက ၅၀၀ ကျော်တွင် နှစ်စဉ် စိုက်ပျိုးနေကျဖြစ်သည့် ဂျုံ၊ ကုလားပဲ စိုက်ပျိုးမြေများကို ပြီးခဲ့သည့်နှစ် မိုးရာသီမှစတင်က စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မြေလွတ်အတိုင်း ရပ်နားထားရကြောင်း ဒေသခံတောင်သူ ဦးနိုင်မိုးကပြောသည်။ '' ဂျုံ စိုက်လို့ထွန်စရိတ်မျိုးစရိတ် သွင်းအားစုလုပ်အားစရိတ်တွေက တဖြေးဖြေးမြင့်တက်လာတယ်။ မိုးကောင်းရေသောက် ယာမြေတွေမှာက ဂျုံ တစ်ဧကမှ ၁၅ တင်းပဲ ထွက်တယ်။ ကုန်ကျစရိတ်တွေနှုတ်လိုက်ရင် တောင်သူက ထပ်ပိုးပြီး စိုက်နေရတယ်။ ဂျုံဈေးက

မကောင်းတော့ တစ်ဧက ကျပ် ၂၀၀၀၀၊ ၃၀၀၀၀ လောက် အိတ်စိုက်ဖြစ်လာတော့ ၃ နှစ်လောက်ရှိပြီး ၃ နှစ်ကျော်လာတော့ ဒီနှစ်မစိုက်ဘဲ မြေလှပ်ထားတယ်။ ကုလား ပဲလည်း ၁၀ တင်းလောက်ပဲထွက်တယ်။ ကုလားပဲဈေး ကျပ် ၂၀၀၀၀ ဈေးဆိုရင် ကျပ် နှစ်သိန်းလောက်ပဲရတယ်။ စိုက်ပျိုးစရိတ်က တစ်ဧက ကျပ် နှစ်သိန်းကျော်တယ်'' ဟု ၎င်းကပြောသည်။

လက်ရှိချောင်းဦးဒေသတွင် မိုးကောင်းသောက် ယာမြေများဆိုသော်လည်း ရေရရှိစေရန် ရေတွင်းတူးကာ ရေ သွင်းစိုက်ပျိုးနိုင်သည့် အခြေအနေရှိသော်လည်း သီးနှံဈေးကွက်မကောင်းခြင်း၊ စိုက်ပျိုးသည့် သီးနှံအတွက်သုံးစွဲရသည့် သွင်းအားစု ဈေးနှုန်းများမြင့်တက်လာခြင်း၊ လုပ်သားများခေါ်ယူရန် ခက်ခဲလာသလို လုပ်အားဈေးလည်းမြင့်လာတာကြောင့် ၃ နှစ်ဆက်တိုက် စိုက်ပျိုးစရိတ် အရှုံးပေါ်လာတာကြောင့် မစိုက်ပျိုးပဲမြေလှပ်ထားရကြောင်းနှင့် ဈေးကွက်ဈေးကောင်းသည့် သီးနှံစိုက်ပျိုးရန် မြေအဆင်သင့် ပြုပြင်စောင့်ဆိုင်းနေကြောင်း ငါးလုံးတင်ကျေးရွာမှ တောင်သူများထံမှသိရသည်။ '' ရာသီဥတုနဲ့လည်း ဆိုင်တယ်ဆိုပေမယ့် ရေသွင်းစိုက်လို့ရသေးတယ်။ အဓိကကတော့ သီးနှံဈေးကွက်ပဲ။ ထွက်လာတဲ့သီးနှံတွေဈေးနှုန်းက နိမ့်နေတယ်။ အရင်တုန်းက ရာသီဥတုကောင်းရင် ၁၅ – ၂၀ တင်း ထွက်တယ်။ ဈေးကွက်ဈေးကောင်းတော့ ကုန်ကျစရိတ်နဲ့ ကိုက်သေးတယ်။ အရင်က လုပ်အားခနည်းတယ်။ အခုဆို တစ်မနက်ခင်းခေါ်ရင်တောင် လုပ်အားခ ကျပ် ၅၀၀၀ ပေးရတယ်။ အရင်က ဂျုံ တစ်တင်း ကျပ်နှစ်သောင်းဝန်းကျင် ရောင်းရတာကနေ အခု ကျပ် ၁၀၀၀၀ ကျော်လေးပဲ ရောင်းရတော့တယ်။ ၂၀၁၆ နောက်ပိုင်း တဖြေး ဖြေး တောင်သူတွေ ကြပ်တည်းလာတယ်။ သွင်းအားစုတွေ လုပ်အားခတွေသာ ဈေးတက်လာတယ်။ သီးနှံဈေးက နိမ့်နိမ့်လာတော့ ဂျုံ၊ ကုလားပဲစိုက်ပျိုးမြေတွေလှပ်ထားရတယ်။ တောင်သူက စိုက်ရင်ရှုံးမယ် မစိုက်တော့ မရှုံးတော့ဘူး။ မြေငှားရမ်းလိုက်မျိုးလဲ မလုပ်ကြဘူး။ ဈေးကောင်းတဲ့ သီးနှံလေးစိုက်ဖို့တော့ မြေကိုတော့ အဆင်သင့် ပြင်ထားတယ်။ ဂျုံ၊ ကုလားပဲတော့ မစိုက်ကြတော့ဘူး '' ဟု ၎င်းကပြောသည်။

လက်ရှိချောင်းဦးဒေသတွင် ချင်းတွင်းမြစ်ရေဝင်ဒေသများမှအပ ကျန်စိုက်ပျိုးမြေများမှာ မိုးကောင်းသောက် ယာမြေများသာဖြစ်ပြီး ဂျုံ၊ ကုလားပဲ၊ ပဲစဉ်းငုံစသည့်သီးနှံများကို အဓိကစိုက်ပျိုးကြသော်လည်း၊ ပြည်တွင်းပဲဈေးကွက်ပျက်ပြီး နောက်ပိုင်းစိုက်ပျိုးကြသည့် သီးနှံများဈေးကောင်းမရတာကြောင့် ယာမြေများကို ကြက်မွေးမြူရေး ကုမ္ပဏီများထံငှားရမ်းခြင်း၊ ဈေးကွက်ဈေးကောင်းရနိုင်မည့် သီးနှံများကိုစိုက်ပျိုးရန် မြေပြုပြင်ခြင်းကိုတော့ လက်ရှိအချိန်ထိ စောင့်ဆိုင်းပြုပြင်နေကြကြောင်းသိရသည်။ ပဲစဉ်းငုံအပါအဝင် ကုလားပဲများကို အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုအကန့်အသတ်ပြုလုပ်လာသည့် ၂၀၁၇ ခုနှစ်မှ စတင်ကာ ယင်းဒေသရှိတောင်သူများ ဈေးကွက်အခက်အခဲများ စတင်ဖြစ်ပေါ်လာပြီး ဈေးကွက်ဈေးကောင်းရရှိနိုင်သည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိကြသေးကြောင်းသိရသည်။

**Source:** https://www.facebook.com/a9biz/posts/3075643852467517?__tn__=K-R

## မလေးရှားနိုင်ငံ၏ ခရီးသွားလာရေးကန့်သတ်ချက်ကြောင့် အခက်အခဲရှိသော လုပ်ငန်းများကို ငွေကြေးထောက်ပံ့ပေးမည်

နိုင်ငံတွင်း COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေကိုထိန်းချုပ်နိုင်ရန်အတွက် မလေးရှားနိုင်ငံသားအားလုံး မလေးရှားနိုင်ငံတွင်းမှထွက်ခွာခြင်းနှင့် နိုင်ငံခြားသားများဝင်ရောက်လာခြင်းတို့ကို ၁၈ – ၃ – ၂၀၂၀ ရက်နေ့မှ ၃၁ – ၃ – ၂၀၂၀ ရက်နေ့အထိ တားမြစ်မည်ဖြစ်ကြောင်း တနင်္လာနေ့ ညပိုင်းတွင် မလေးရှားနိုင်ငံက ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါခရီးသွားလာရေးကန့်သတ်ချက်ကြောင့် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသော မလေးရှားနိုင်ငံသားများအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကလည်း ပြောကြားထားပြီး၊ မလေးရှားနှင့်စင်ကာပူ နိုင်ငံနယ်စပ်အကြား နေ့စဉ်ဖြတ်သန်းသွားလာသူ ၃ သိန်းခန့်ရှိကြောင်း ဖော်ပြထားပါသည်။

ဤကာလအတွင်း စင်ကာပူရှိ လုပ်ငန်းများအနေဖြင့် မလေးရှားမှ လာရောက်လုပ်ကိုင်နေကြသော ၎င်းတို့၏ လုပ်သားများကို စင်ကာပူတွင် နေထိုင်စေလိုပါက ကာလတို နေရေးထိုင်ရေး အဆင်ပြေနိုင်စေရန် ကူညီပေးမည်ဖြစ်ကြောင်း၊ ပထမဦးစွာ လုပ်သားများအနေဖြင့်လည်း ၎င်းတို့ အတွက် နေရာထိုင်ခင်းပေးနိုင်သော လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများနှင့် နေထိုင်နိုင်ရန် ကြိုးစား ဆောင်ရွက်သင့်ပြီး ထိုသို့မဆောင်ရွက်နိုင်ပါက အဆောင်များနှင့် ဟိုတယ်များတွင် တည်းခိုနေထိုင်နိုင်ကြောင်း၊

ယာယီအစီအစဉ်အနေဖြင့် အဆိုပါလုပ်သားတစ်ဦးချင်းအတွက် တစ်ညလျှင် စင်ကာပူ ဒေါ်လာ ၅၀ နှုန်းဖြင့် ၁၄ ရက်စာကို လုပ်ငန်းရှင်များသို့ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး၊ လုပ်ငန်းများ အနေဖြင့်လည်း ကျန်ကုန်ကျစရိတ်များကို ကျခံဆောင်ရွက်လျက် ရှိသဖြင့် ကျေးဇူးတင်ကြောင်း စင်ကာပူ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးကပြောကြားခဲ့ပါသည်။

ခရီးသွားလာမှုအပေါ် ကန့်သတ်လိုက်သော်လည်း နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှုကိုမူ ဆက်လက်ဆောင်ရွက်သွားမည်ဟု မလေးရှားနိုင်ငံဘက်မှ အခိုင်အမာပြောကြားထားကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားထားပြီး၊ မလေးရှားဘက်မှတင်သွင်းသော ကုန်ပစ္စည်းများ ပြတ်တောက်မှုအခြေအနေဖြစ်ပေါ်လာပါကလည်း သိုလှောင်ထားသော ကုန်ပစ္စည်းလက်ကျန်များ၊ ပြည်တွင်းထုတ်လုပ်မှုနှင့် အခြားပြည်ပရင်းမြစ်များမှ ဝယ်ယူတင်သွင်းခြင်းတို့ဖြင့် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးကလည်း ပြောကြားထားပါသည်။

**Source: Channel News Asia**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူမြို့**

## စင်ကာပူတွင် အပျော်စီးသင်္ဘောခရီးစဉ်နှင့် ချန်ဂီလေဆိပ်၏ ခရီးသည်ဖြတ်သန်းသွားလာမှုများ ကျဆင်းလျက်ရှိ၊ စင်ကာပူလေကြောင်းလိုင်း(SIA) ကလည်း လေကြောင်းလိုင်းခရီးစဉ်များကို ထက်ဝက်လျှော့ချ

စင်ကာပူ၌ COVID – 19 ရောဂါ စတင်ဖြစ်ပွားခဲ့သော ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ မတ်လ ၉ ရက်နေ့အထိ အပျော်စီးသင်္ဘောခရီးသည်ဦးရေမှာ ယခင်ကာလတူနှင့်နှိုင်းယှဉ်ပါက ၅၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဤကာလအတွင်း အပျော်စီးသင်္ဘောထွက်ခွာမှု ၆၅ ကြိမ်နှင့် စီးနင်းလိုက်ပါသူ ဦးရေ ၁၅၆,၄၆၅ ဦး ရှိခဲ့ပြီး၊ သင်္ဘောခရီးစဉ် ၈၁ ခုကို ဖျက်သိမ်းခဲ့ရကြောင်းသိရှိရပါသည်။

စင်ကာပူ ချန်ဂီလေဆိပ်တွင်လည်း ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခရီးသည်ဖြတ်သန်း သွားလာမှု ၃.၅ သန်းခန့် ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃၂.၈ ရာခိုင်နှုန်း လျှော့ကျခဲ့ကြောင်း၊ လေယာဉ်ထွက်ခွာ/ဆိုက်ရောက်မှု အနေဖြင့် ၂၆,၂၀၀ ကြိမ်ပြုလုပ်ခဲ့ပြီး၊ ၁၂.၃ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ သို့ရာတွင် လေကြောင်းဖြင့် ကုန်ပစ္စည်းသယ်ယူ ပို့ဆောင်မှု ပမာဏ မှာ ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ (၂) လအတွင်း အခြေအနေမှာ လေဆိပ်သို့ခရီးသည်ဖြတ်သန်းသွားလာမှု ၉.၄ သန်းဖြင့် ယခင်နှစ်ထက် ၁၂.၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ လေယာဉ်ထွက်ခွာ/ဆိုက်ကပ်မှုမှာ ၅၉,၇၀၀ ကြိမ်ဖြင့် ၄.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

ရောဂါထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံများက ခရီးသွားလာမှုကို ပို၍ကန့်သတ်မှုပြုလုပ်လာ သည့်အတွက် စင်ကာပူ လေကြောင်းလိုင်း (SIA) သည် ဧပြီလကုန်အထိ ၎င်း၏လေကြောင်းလိုင်းခရီးစဉ်များကို ၅၀ ရာခိုင်နှုန်းအထိလျှော့ချ၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး၊ ခရီးစဉ်များပိုမိုလျှော့ချသွားရမည့်အခြေအနေကိုလည်း မျှော်လင့်ထားကြောင်း SIA က အင်္ဂါနေ့တွင် သတင်းထုတ်ပြန်ထားပါသည်။

**Source: Channel News Asia**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူမြို့**

# STOCK EXCHANGE (18.3.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 18th Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 1,521 | 16,731,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 5,307 | 20,190,150 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 21,500 | 22,000 | 21,500 | 1,050 | 23,093,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,750 | 2,800 | 2,700 | 50 | 135,850 | 12,823,224 | 35,905 |

## Market summary

As of 18th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.48 | +2.36 | +0.52% | 452.22 | 455.48 | 452.22 | 7,928 | 60,150,500 | 5 | 623,695 |

### Index chart




## Market Overview

As of 12:00 pm, 18th Mar. 2020

| MYANPIX | 453.12 ▲ 0.00 |
|---|---|
| Total Volume (shares) | 6,983 |
| Total Value (MMK) | 51 mil |
| Listed Company | 5 |
| Market Cap. (MMK) | 620,467 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |